



mgyoe.com



# မင်းယုဝေ

## ဖွားညိုနဲ့ကံထူး

ဝတ္ထုတို ၆ ပုဒ်

မစံပယ်
ဖွားညို
အချစ်
မဂ္ဂီ
မူးလိုက်ပါတဲ့ ငှက်ခါးတောင်
ကံထူး

ISBN9789997118561
MYW12
9 789997 118561
1,000.00KS

mgyoe

mgyoe.com

ပွားညီနဲ့ ကံထူး ဝတ္ထုတို ၆ ပုဒ်၊ မင်းယုဝေ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၆၆ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



ဖွားညို

ဖွားညို၏ဘဝသည် နွေရာသီ၌ တွေ့မြင်ရတတ်သော ပင်စည်အိုကြီးနှင့် တူလှပေသည်။ နွေဦးပေါက်၍ ရော်ရွက်တို့ တစ်ရွက်ပြီး တစ်ရွက် ကြွေကျသွားကြသော်လည်း ပင်စည်တို့မှာမူ အထီးတည်းကျန်ခဲ့ကြတတ်သည်။ ထို့အတူ ခင်ပွန်းနှင့် သားသမီးတို့ တစ်ယောက်ပြီး တစ်ယောက် မျက်စိအောက်မှ ကွယ်ပျောက်သွားကြသော်လည်း ဖွားညို

mgyoe.com

mgyoe.com


အဖို့မှာမူ ဤလောကဌ် အထီးတည်းကျန်တုန်းပင် ရှိသေးသည်။

ဖွားညိုဓ၏အမည်ရင်းမှာ ဒေါ်ညိုဖြစ်သည်။ သို့သော် အများကမူ ဖွားညိုဟုသာ ခေါ်ကြသည်။ ယခု ဖွားညိုအသက် ၈၉ နှစ်ရှိပြီ။ ခင်ပွန်း သည်ဆုံးသည်မှာ အနှစ် သုံးဆယ်ပြည့်တော့မည်။ ခုနစ်ယောက်သော သားသမီးတို့ ကွယ်လွန်ကြသည်မှာလည်း ကာလအတန်ကြာပေပြီ။ ဖွားညိုတွင် ဆွေမျိုးဟူ၍ ယခုအခါ မြေးနှစ်ယောက်သာ ရှိတော့သည်။ သို့ရာတွင် သူတို့မှာလည်း ဖွားညိုနှင့် အလှမ်းဝေးလှပါဘိ။ တစ်ဦးမှာ မြေးယောကျ်ားဖြစ်၍ စစ်ထဲသို့လိုက်သွားပါသည်။ ကျန်မြေးမိန်းကလေး မှာမူ ဝေးလံလှသော အရပ်တွင် အိမ်ထောင်ကျလျက် ရှိလေသည်။ ထို့ကြောင့် ဤအပြောကျယ်လှသော လောကကြီးဝယ် ဖွားညိုသည် တစ်ကိုယ်တည်းသာ ခရီးသွားလျက် ရှိရရှာသည်။ သို့သော် ဖွားညိုကား တုန်လှုပ်ခြင်း မရှိ။ ငယ်စဉ်က အဖြစ်အပျက်များကို တသသ တွေးတော ကာ ထိုစဉ်က သီဆိုခဲ့သော တေးဟောင်းများကို တကြော်ကြော်ကျူး ရင့်၍သာ နေလေတော့သည်။

ဖွားညိုသည် မန္တလေးမြို့ လက်ရွေးကြီးရပ် ဇာတိဖြစ်သည်။ မင်းတုန်းမင်းနှင့် သီပေါမင်းကို ဖွားညို ကောင်းစွာ မီလိုက်သည်။ မင်း တုန်းမင်း လွန်စဉ်က ဖွားညို၏အသက်သည် ၁၄ နှစ်သာ ရှိသေးသည်။ ဖွားညို့ဖခင်ကား ဘုရင့်လှေတော်သားတစ်ဦး ဖြစ်သည်။ ခင်ပွန်းသည် မှာမူ ကုန်သည်ပင် ဖြစ်လေသည်။ ဖွားညိုသည် မန္တလေး၌ နှစ်ရှည်လ များနေထိုင်ပြီးလျှင် အသက် ၃၅ နှစ်သို့အရောက်တွင် ခင်ပွန်း၊ သားသမီး တို့နှင့်အတူ အရောင်းအဝယ်တွင်ကျယ်သော ရန်ကုန်သို့ပြောင်းရွှေ့နေ ထိုင်ခဲ့သည်။ ရန်ကုန်၌ အနှစ်အစိတ်ခန့် အေးချမ်းစွာနေခဲ့ရာမှ နောက်ဆုံး တွင် ခင်ပွန်းနှင့် သားသမီးတို့လည်း ဆုံး၊ ပစ္စည်းလည်း ပြုန်းသောဘဝ သို့ ရောက်ခဲ့ရရှာသည်။ ထို့ကြောင့် ဖွားညိုသည် ရှေးဦးစွာ နှင်းဆီကုန်း

mgyoe.com

mgyoe.com



လူအိုရုံ၌ ကိုးနှစ်ကြာမျှ နေထိုင်ခဲ့ရရှာလေသည်။ ယခုအခါ၌မူ လူအိုရုံ တွင် မနေတော့ဘဲ သူနှင့်ရင်းနှီးခင်မင်သူတစ်ဦး၏ အိမ်တွင် လာရောက် နေထိုင်လေသည်။

ကျွန်ုပ်တို့အိမ်နှင့် ဖွားညိုနေသောအိမ်မှာ အတန်နီးကပ်သည်။ ကျွန်ုပ်သည် ဖွားညိုကို ကျွန်ုပ်၏ဇနီးသည်မှတစ်ဆင့် သိကျွမ်းခဲ့ရသည်။ အသက်ကြီးရင့်လှသော ဖွားညိုကို ကျွန်ုပ်၏ဇနီးသည်က ကရုဏာသက် လှသဖြင့် တစ်ခါတစ်ရံအိမ်သို့ခေါ်ကာ စားကောင်းသောက်ဖွယ်များ ကျွေးမွေးတတ်သည်။ အပြန်တွင်လည်း ဖွားညို သုံးစွဲလိုရာသုံးစွဲနိုင်ရန် ဟု ငွေစများဖြင့် ကန်တော့လိုက်တတ်သည်။

ဖွားညိုသည် ကျွန်ုပ်တို့အိမ်သို့ရောက်ရှိလာတိုင်း သူ၏အဖြစ် အပျက်များကို ပြောပြလေ့ရှိသည်။ ဤသို့ ပြောပြရာ၌ သူငယ်စဉ်က သီဆိုခဲ့သော တေးဟောင်းများကိုလည်း ကြားညှပ်၍ သီဆိုပြတတ် သည်။ သူ့အား ကရုဏာသက်သဖြင့် ကျွန်ုပ်၏ဇနီးသည်က "အမေ မောမယ်။ သိပ်လည်း ဆိုမနေပါနဲ့ဦး" ဟုပြောသော်လည်း မရ။ "အို ကိစ္စမရှိပါဘူး သမီးရဲ့။ အမေက သမီးတို့မမွေးခင်က ပေါ်တဲ့သီချင်း တွေမို့ ကြားဖူးအောင် သိပ်ဆိုပြချင်တယ်ကွဲ့" ဟုဆိုကာ အားရပါးရ ဆွဲဆွဲငင်ငင် သီဆိုပြတတ်သည်။

ကျွန်ုပ်အဖို့ ဖွားညိုကို တွေ့ရသည်မှာ ရှေးဟောင်းဂီတစာအုပ် ကြီး တစ်အုပ်ကို တွေ့လိုက်ရသည်နှင့် တူလှပေသည်။ ဖွားညို့ တေး များမှာ ထူးခြားလှပါဘိ။ ကြားရသူတို့အဖို့ ရင်ထဲ၌ တစ်မျိုးဖြစ်ရကာ မမြင်ဖူးသော ရှေးခေတ်ဟောင်းမှ ပန်းချီကားများကို တရေးရေး မြင် ယောင်လာစေတော့သည်။

"လှေဆို–လှေဆိုလှေမော်၊ တိုင်းရွှေပြည်တော်။
ဘက်မပေါ်၊ လှော်သားလေး–လှော်ရသေး၊

mgyoe.com

mgyoe.com


ကျွန်ယုံ ရွှေလက်ရွေး။
လက်ရွေးသူနော်မ,က၊ မျှော်လှရှာ့မယ်။
မလာအားဘူး–မဖုန်းမော်ရဲ့၊ ခေါင်ကကျော်
တဲ့ လှေတော်သား၊ မှန်းသူကများ”

ဖွားညိုက ဤတေးကိုဆိုပြီးလျှင် “အမေ ခုဆိုပြတဲ့သီချင်းဟာ အမေ့အဖေဆိုတဲ့ လှေတော်သီချင်းပဲ သားရဲ့။ အမေ့အဖေက သျှောင်ကြီးမှ အက်လို့၊ ဆံပင်ကောင်းတယ်ကွဲ့။ အဲဒီအပေါ်ကမှ ပန်းပဝါပေါင်းလို့ပေါ့။ နောက်ပြီး အချိပ်ပုဆိုးခါးတောင်းကျိုက်ကြီးနဲ့၊ ရင်စေ့အင်္ကျီကြီးဝတ်လို့ပေါ့ကွဲ့။ အဖော် လှေတော်သားတစ်သိုက်နဲ့ ဘုရင့်လှေကို လှော်ရင်း ဆိုကြတာလေ၊ သိပ်နားထောင်ကောင်းတာပဲကွယ်” ဟူ၍လည်း တေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောပြလေ့ရှိသည်။

ထို့ပြင် ဖွားညိုသည် သူငယ်စဉ်က မကြာမကြာဆိုတတ်သော “မစောဘွဲ့လေးချိုး” ကိုလည်း သီဆိုပြသည်။

“ဂုဏ်အခြေ တူမမျှနိုင်ဘု၊
ပုံပွေပွေ မမူကြပါနဲ့၊
ပူလှချည့် မစောရယ်။
အခံခက်လှချည်ရဲ့ကွယ်၊
ဆလံ ဆက်ခဲ့ပါရဲ့၊
ခံခက်ဖွယ် ပွေလီရှာတဲ့၊
ဖေပီတာ မိန့်ပုံကပြင်းပါဘိ၊
မြေပြင်မှာ ငွေစင်ခင်းရမတဲ့၊
(ကွယ်) မင်းမြတ်မဖွယ်။
ဒေါင်းသပြာ ငွေမထုတ်နိုင်လို့၊

mgyoe.com

mgyoe.com



မပေါင်းသာ သည်ဖေဆုတ်ခဲ့ရ၊
ရွှေရုပ်လောက် ယဉ်တဲ့မယ်၊
တင်ခဲ့တယ်ကွဲ့ မှာစကား။
မွေးဖခင်၊
တွေးဆ,ကာ တူမမြင်လို့၊
မူတသွင် ကညာမြတ်ပါဘိ၊
ငယ်ချစ်မေ နဂိုလှရယ်ကြောင့်၊
ဆယ်နှစ်လေ အိုမထနိုင်ဘု၊
ငိုပါ့မယ် သဟာဆွေရဲ့၊
ကံအခြေ သည်ဖေမှေးတာမို့၊
ခမျာမှာ ကညာနဲ့ ဝေးပြန်ရ၊
(မစောရေ) ဆွေးမှုသာပွား။ ။"

ဤကဗျာနှင့်စပ်လျဉ်း၍လည်း ဖွားညိုက ဤသို့ ပြောပြသည်။ သူငယ်စဉ်က အရပ်ထဲတွင် သတင်းစကားကြားရသည်မှာ တစ်ခါက စစ်ကိုင်းတွင် ကိုပုညဆိုသူ ယောကျ်ားပျိုတစ်ဦးနှင့် မစောဆိုသူ မိန်းမပျိုတစ်ဦးတို့ မေတ္တာသွယ်မိကြသည်။ သို့သော် ကိုပုညမှာ ဆင်းရဲနွမ်းပါးသဖြင့် မစောဖခင်က သဘောမတူ။ အိမ်လမ်းတစ်လျှောက် ရွှေလမ်းခင်းပေးနိုင်မှ ပေးစားမည်ဟု ပြောလိုက်သည်။ ဤတွင် ကိုပုညက အရပ်ထဲဝယ် ကင်းစောင့်ရာမှ ဤကဗျာကို ထွင်ပေါ်ကာ စပ်ဆိုလိုက်သည်ဟူ၍ပင် ဖြစ်သည်။

သီပေါမင်းပါတော်မူသည်နှင့် ပတ်သက်၍လည်း ငယ်စဉ်က သူရခဲ့ဖူးသော လေးချိုးရှည်ကြီးကို ဖွားညိုသည် ပြန်ဆိုပြတတ်သေးသည်။ သီပေါမင်း ပါတော်မူစဉ်က ဖွားညို၏အသက်မှာ ၂၁ နှစ်ပင် ရှိပြီ။ ထိုစဉ်က မျက်ရည်ဖြိုင်ဖြိုင်ကျရှာသူတို့အထဲတွင် ဖွားညိုလည်းတစ်ဦး

mgyoe.com

mgyoe.com


အပါအဝင်ဖြစ်လေသည်။ အင်္ဂလိပ်တို့ သီပေါဘုရင်နှင့် မိဖုရားအား မဒရပ်သို့ ဆောင်ယူပြီး မကြာမီ မိဖုရားတွင် နောက်ထပ်၍ သမီးတော်တစ်ဦး ဖွားမြင်သည်ဟု သတင်းရသည်။ ဤတွင် ဖွားညိုတို့ဆီမှ စာဆိုတစ်ဦးက အောက်ပါအတိုင်း စပ်ဆိုရေးသားရာ ဖွားညိုက သေချာစွာ ကျက်မှတ်သီဆိုခဲ့လေသည်။

"သီဟာပျံနန်းဘုံမြင့်မှာလ၊ ညီလာခံမန်း
လုံတင့်ဆီက၊ ဆန်းစုံငွေဆင့် အခြားသွင်၊
များယုန်ငွေပွင့် ပတ္တမြားပလ္လင်မှာ။
ဗိုလ်ရှုကာ မှန်ရွှေနန်းမှာလ၊ ဆုတော်ခံ
ရံရွှေသန်းသူမို့၊ လုံမြန်းကာ စံတော်မူတဲ့၊
သိတဂူသွင်းမူခြား၊ သနားစရာ နွယ်မဟာ။
ဘိလပ်ပိုင် နိမိတ်များမှာလ၊ တက်သွား၍
ဆောင်ကြဉ်းရှာ၊ လောင်းပြင်းစွာဖျား ပြည်သူများ၊
ဆောင်ကြဉ်းလာသကွဲ့ သည်ရေခြား။
နတ်နှစ်ဖြာလေလေ့၊ မဒရပ်မှာ စံတော်မူတဲ့၊
ကံချော်သူ နန်းမတော်ဖုရားမှာတော့၊
မီးရှူးတော်မြင်ကာ ဖွားရသတဲ့၊ (အမယ်မင်း)
ကြားရပြန်သေး၊ သည်းဝမှာဆွေး၊ ထုံးရာဇဝင်
စာတင်အိုပေါ့၊ မဟာဝင်စာတင်ထား၊ ကုလား
ဘုရင့်လက်ပါသူ၊ ရာဇပလ္လင်အထက်ဖျားမှာလ
ကွယ်–နှစ်ပါးအရှင် အတွက်တာပူ၊ ထီးဦးမြင်
ရနန်းနှင့်တူ၊ မီးရှူးမြင်ရဆန်းတင့်သူ၊ ဇမ္ဗူ–
အမူ–နှစ်ဆူ စိတ်တော်ညှိုးရှာလိမ့်၊ (အမယ်
မင်း) ကုလားဘုရင့်ပြည်မှာ၊ ရထားဖြင့် မစီး

mgyoe.com

mgyoe.com



သာ၊ ဥဿဖရား အဆင့်ဆင့်နိလာ၊ စိကာ–
ရိကာ မဟာပင်လယ်ခြားမှာလ၊ နှစ်ဆူ–နှစ်ဖြာ
လိုက်ပါသွားချေပေါ့၊ သနားတယ်လို့လွမ်း၊
ကုလားနယ်သို့ မြန်းရှာပေါ့၊ (အသျှင်ထိပ်စု
မြတ်ဖုရားသမီးတော်နှစ်ပါး စုဖုရားတို့မှာ
ကွယ်) အေးအေး–မြမြ စန်းငွေလရယ်သို့၊ ထွန်းပ,
ကြည်လင်ပါစေသား။ ။”

ဖွားညိုသည် သူတစ်ထူးစပ်ဆိုထားသော တေးကဗျာများကို သီဆိုတတ်ရုံသာမက သူကိုယ်တိုင်လည်း စပ်ဆိုတတ်သေးသည်။

“အမေက ဆုံးသွားရှာတဲ့ ခင်ပွန်းသည်ကို မေတ္တာရှိလို့ ယူတာ မဟုတ်ဘူးသားရဲ့။ လူကြီးတွေ ပေးစားတာနဲ့ ယူတာ။ အမေ မေတ္တာရှိတာကတော့ စစ်ကိုင်းဘက်မှာနေတဲ့ တရုတ်ကပြားကလေးကွဲ့။ အဲဒီတုန်းက အမေ့အသက် ၁၆ နှစ်ရှိသေးတယ်။ ကလေးချင်းမေတ္တာရှိကြတာပေါ့ကွယ်၊ အဲဒါကို အမေ့အဖေတို့က မြန်မာမစစ်လို့ သဘောမတူဘူးဆိုပြီး တစ်ရပ်တည်းနေတဲ့ အမေ့ခင်ပွန်း ကိုတိုးနဲ့ အတင်းကြောင်းလမ်းလိုက်တယ်။ အဲဒီလိုကြောင်းလမ်းပြီး သုံးနှစ်လည်းစေ့ရော အမေ ၁၉ နှစ်အရွယ်မှာ လက်ထပ်လိုက်ရတာပဲ။ ကိုတိုးဆိုတာ အမေတို့အိမ် မကြာမကြာ ဝင်ထွက်သွားလာနေတဲ့ လူရင်းကလား။ အမေကလည်း မခံချင်တာနဲ့ လက်မထပ်ခင် တစ်နေ့မှာ သူကြားလောက်အောင် စောင်းပြီး စာစပ်လိုက်သေးတယ်”

“ဘယ်လိုများစပ်လိုက်တုံးအမေရဲ့၊ ဆိုပြစမ်းပါဦး” ကျွန်ုပ်က သိလိုဇောဖြင့် မေးလိုက်သည်။

ထိုအခါ ဖွားညိုက “အမေစပ်တဲ့စာကလား” ဟုပြောကာ–

“သပြေပင် ရွက်ဝန်း၊

mgyoe.com

mgypoe.com



ထောင့်စွန်း လိမ်တိမ်လိမ်၊

မရွှေညို့အိမ်။

နေမှိန်မှိန် စံအိမ်ကူး။

(ငတိုးရယ်) နင့် ငါမယူဘူး” ဟူ၍ သံနေသံထားနှင့် ကျကျနန ဆိုပြသည်။ ပြီးမှဆက်၍ “အဲဒါကြားတော့ ကိုတိုးအတော့်ကို အခံရခက်သွားဆိုပဲ။ ဒါပေမဲ့ လူကြီးတွေက ပေးစားတယ်ဆိုတော့လည်း ယူလိုက်ကြရတာပေါ့ကွယ်။ သည်လိုယူကြပြန်တော့လည်း အစက မေတ္တာမရှိပေမဲ့ သားနဲ့ သမီးနဲ့ဆိုတော့ တဖြည်းဖြည်း မေတ္တာရှိလာတာပဲ သားရဲ့။ ဒါကြောင့် ဟိုတုန်းကများ ကိုတိုး အောက်ပြည်အောက်ရွာ ကုန်ရောင်းသွားပြီဆိုရင် အမေ့မှာ သိပ်ကိုလွမ်းပြီး ကျန်ခဲ့တာပဲ။ တစ်နေ့တော့ မိုးကလေးက ညိုညို့နဲ့ မဆည်နိုင်လောက်အောင် ဖြစ်လာတာကိုး။ ဒီတော့ အမေက–

ပန်းသပြေ ညောင်ရေအိုးရယ်နဲ့၊

မညိုးအောင် မယ်ညိုထိုးပါ့မယ်၊

ချစ်တဲ့ လင်ကိုရွှေတိုးရေ–

လွမ်းတာကမိုး… လို့ စာစပ်ပြီး မျက်ရည်ကျခဲ့ရသေးတယ်” ဟုပြော သည်။ ဤသို့ပြောစဉ် ကျွန်ုပ်သည် ဖွားညိုကို သတိထား၍ ကြည့်လိုက် သောအခါ မျက်ရည်ကလေး တလည်လည်ဖြစ်နေသည်ကို တွေ့ရ သည်။

“တစ်ခါ တစ်ခါ လကလေး သာလာပြီဆိုမှဖြင့် ကိုတိုးနဲ့ အမေ့သားသမီးတွေကို သိပ်သတိရတာပဲကွယ်” ဟူ၍လည်း အသံတုန်တုန်နှင့် ဆက်၍ပြောရှာသေးသည်။

ဖွားညိုသည် ဘဝခရီးကို ဤသို့ တေးကလေး တဆိုဆိုနှင့်ပင် လျှောက်သွားပေတော့မည်။ ဤအသက်အရွယ်နှင့် ဤသို့တေးဆိုခြင်း

mgypoe.com

mgyoe.com



ကို အချို့က ကဲ့ရဲ့ကြသော်လည်း ဖွားညိုကားမမှု။ ကျွန်ုပ်တို့ရှေ့တွင်သာ မက အခြားသူများရှေ့၌လည်း ဤတေးတို့ကို အခွင့်ကြုံတိုင်း ဆိုပြလေသည်။

"အခုလို တေးဆိုသံကို တချို့က အမေ့ကို သူငယ်ပြန်တယ်၊ ကလက်တယ်နဲ့ ပြောကြတယ်။ သူတို့ ဘယ်လိုပြောပြော အမေ ဂရုမစိုက်ပါဘူး။ အမေက ငယ်ငယ်ကတည်းက တေးကလေး တဆိုဆိုနဲ့ စိတ်ချမ်းသာအောင် ကြည့်နေတတ်တာ သားရဲ့။ အခုလည်း ဒီလိုပဲနေမှာပေါ့၊ မဟုတ်ဘူးလား" ဤသို့ပင် ဖွားညိုက ကျွန်ုပ်တို့ကို ပြောပြဖူးလေသည်။

တေးများကို ဆိုရာ၌ အသက်ပင်ကြီးသော်လည်း ဖွားညိုသည် မေ့လျော့ခြင်းမရှိ။ မှားယွင်းထစ်ငေါ့ခြင်း မရှိ။ အစမှအဆုံးတိုင် ကျနစွာ ဆိုပြနိုင်လေသည်။ တစ်ခါသော် ကျွန်ုပ်၏ဇနီးသည်က "အမေက သိပ်သတိကောင်းတာပဲနော်။ ၁၄–၅ နှစ်သမီးကဆိုခဲ့တဲ့ဟာတွေ ခုထိ သတိရတုန်းပဲ" ဟု ပြောဖူးသည်။ ထိုအခါ ဖွားညိုက "ဟုတ်တယ် သမီးရဲ့၊ အမေက သီချင်းဆိုရင် ဘယ်တော့မှ မမေ့ဘူး။ ဘုရားရှိခိုးသာ မေ့တတ်တာ။ တစ်ခါခါ ဘုရားရှိခိုရင်း အထက်ကဟာ အောက်ရောက်၊ အောက်ကဟာ အထက်ရောက်နဲ့ သတိလစ်ပြီး ခဏခဏ မှားတာပဲ" ဟူ၍ ဟန်ဆောင်မှုမပါဘဲ ပွင့်လင်းစင်ကြယ်စွာ ပြောလေသည်။

ယခု ဖွားညို၏ အသက် ၈၉ နှစ်ကျော်တော့မည်။ သို့သော် မာချာတုန်းပင်၊ သူအိုတို့ဘာဝ ကြုံလို၍ အသားအရေ ခန်းခြောက်သည်မှတစ်ပါး ဖွားညိုသည် ခါးမကိုင်း မျက်စိမမှုန်၊ ရှေ့အဖို့ ဘဝခရီးကို တေးကလေး တဆိုဆိုနှင့် အတော်ကြာ လျှောက်သွားနိုင်ပေဦးမည့် အံ့ဖွယ်ကောင်းသော ဖွားညိုပေတကား။

မြဝတီ၊ မေ၊ ၁၉၅၃

mgyoe.com

mgyoe.com

# မစံပယ်

နံနက် ဝေလီဝေလင်းအချိန်ဖြစ်သော်လည်း ကိုထွန်းမြတ်သည် ကန်တော်ကြီးဘက်သို့ အညောင်းပြေလမ်းလျှောက်ထွက်လာခဲ့သည်။ အတန်စောသေးသဖြင့် လမ်းမှာ လူရှင်းနေသည်။ ဈေးသည် တစ်ဦး၊ နှစ်ဦးနှင့် ဆိုက်ကားတစ်စီး၊နှစ်စီးခန့်သာ တွေ့ရသည်။

ကိုထွန်းမြတ်သည် ထီးကို တုတ်ကောက်သဖွယ် ထောက်လျက် သွက်လက်စွာ လျှောက်လာခဲ့သည်။ အတော်လျှောက်မိ၍ ကန်တော်ကြီးလမ်းသို့ရောက်လာသောအခါ လမ်းဘေးတစ်နေရာတွင် အကြော်ဆိုင်ကလေးတစ်ဆိုင်ကို သွားတွေ့သည်။ ကိုထွန်းမြတ်သည် လမ်းလျှောက်ထွက်မလာမီ အိမ်မှလက်ဖက်ရည်တစ်ခွက်သောက်လာခဲ့သော်လည်း အကြော်ဆိုင်ကလေးကို တွေ့သောအခါ စားချင်စိတ်ပေါက်သွားသည်။ သို့ဖြင့် သူသည် ဆိုင်တွင်းသို့အသာအယာလှမ်းဝင်ခဲ့လေ၏။

အကြော်ဆိုင်ကလေးမှာ တစ်တောင်သာသာမြင့်သော စားပွဲခုံဝိုင်းကလေးတစ်ခု၊ ဖင်ထိုင်ခုံဝိုင်း ၄–၅ ခုခန့်ဖြင့် တည်ခင်းထားသည့်ဆိုင်

mgyoe.com

mgyoe.com



ကလေးဖြစ်သည်။ ကိုထွန်းမြတ်ရောက်သွားသောအချိန်တွင် ဆိုင်မှာ လူရှင်းနေသည်။ အကြော်သည်မိန်းမကြီးနှင့် သူ၏ကလေးငယ် နှစ်ယောက်ကိုသာ တွေ့ရသည်။ အကြော်သည် မိန်းမကြီးသည် စားပွဲခုံ ဝိုင်း မနီးမဝေးရှိ အကြော်ဖိုဘေးတွင် ထိုင်လျက် ဒယ်ထဲရှိ အကြော်များ ကို ဟိုဘက်,သည် ဘက်လှန်ပေးနေသည်။ သူ့အနီးတွင် ဖျာဟောင်း တစ်ချပ်ခင်းထားရာ ထိုဖျာပေါ်တွင် ၂–ခါလည် အရွယ်ခန့်ရှိသော သားငယ်ကလေးသည် အိပ်ပျော်နေသည်။ ခြင်များသည် ထိုကလေးငယ် အား လာ၍ကိုက်ရာ သမီးဖြစ်သူ အသက် ၆ နှစ်ခန့်အရွယ်ရှိ ကလေးမလေးက အဝတ်ဟောင်းကလေးဖြင့် ယပ်ခတ်ပေးနေသည်။

ကိုထွန်းမြတ်သည် ဖင်ထိုင်ခုံတစ်ခုကို ဆွဲထိုင်ကာ အကြော် တစ်ပန်းကန် မှာလိုက်သည်။ ကလေးမလေးလည်း နေရာမှထကာ ဘူးသီး ကြော်အချောင်းကလေးများကို ပန်းကန်တစ်ခုတွင် ရေတွက်ထည့်ပြီး နောက် ကိုထွန်းမြတ်ရှေ့သို့လာချပေးသည်။ စားပွဲခုံအလယ်ရှိ အကြမ်း အိုးနှင့် ပန်းကန်လုံးတစ်လုံးကိုလည်း ကိုထွန်းမြတ်အနီးသို့ တိုးပေး သည်။ ထို့နောက် မူလနေရာသို့ ပြန်ကာ မောင်ငယ်အား ယပ်ခတ်ပေးမြဲ ခတ်ပေးနေ၏။

ကလေးမလေးမှာ သျှောင်ထုံးကလေးနှင့် ဖြစ်သည်။ လုံချည်အနီ ကလေးနှင့် ရှင်မီးအင်္ကျီအဟောင်းကလေးကို ဝတ်ထားသည်။ ကိုထွန်း မြတ်သည် ဘူးသီးကြော်ကို ယူ၍စားရာမှ ကလေးမလေးကို ကြည့်ကာ ချစ်ခင်ကြင်နာခြင်း ဖြစ်မိသည်။ သူ့တွင် ဤကဲ့သို့သော သမီးကလေး တစ်ယောက်ရှိလျှင် ကောင်းလေစွဟုလည်း စိတ်ထဲ၌ ဖြစ်ပေါ်မိသည်။

သူနှင့် မိမိရီတို့အကြောင်းပါခဲ့ကြမှာ ၅ နှစ်ကျော်ပြီ၊ ယခုထိ သားသမီးမရသေး။ သူတို့လက်ထပ်ပြီးစ တစ်နှစ်ခန့်အကြာကမူ မိမိရီ မှာ ကိုယ်ဝန်ရှိလာခဲ့သည်။ သို့သော် အဖတ်မတင်၊ ကိုယ်ဝန်သုံးလအရှိ

mgyoe.com

mgyoe.com


တွင် လျှောခဲ့သည်။ သည့်နောက်ကား နောက်ထပ်၍ မရတော့သည်မှာ ယနေ့အထိ ဖြစ်သည်။

သူနှင့် မိမိရီမှာ မိဘပေးစား၍ ယူကြသူများမဟုတ်။ တစ်ဦးနှင့် တစ်ဦး မေတ္တာရှိ၍ ယူခဲ့ကြသူများဖြစ်သည်။ သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး မောင်နှမကဲ့သို့ ချစ်ခင်ယုယ၍ သူငယ်ချင်းကဲ့သို့ ပေါင်းသင်းဆက်ဆံကြရာ သူတို့၏အိမ်ထောင်ရေးမှာ ချမ်းမြေ့သာယာသည်ကားမှန်သည်။ သို့သော် သားသမီး မရှိသဖြင့်ကား သူတို့မှာ တစ်ခုခုလိုနေသလို ဖြစ်ခဲ့ကြသည်။ "မောင်ရေ… ကလေးလိုချင်လိုက်တာ" ဟု မိမိရီက မကြာခဏ ပြောခဲ့သလို "မိမိရေ… ကလေးလိုချင်လိုက်တာကွာ" ဟု ကိုထွန်းမြတ်ကလည်း မကြာခဏ ပြောခဲ့ပေသည်။

ကိုထွန်းမြတ်သည် ဘူးသီးကြော်ချောင်းကလေးများကို တစ်ချောင်းပြီးတစ်ချောင်း စားလိုက်၊ လက်ဖက်ရည်ကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်လိုက်နှင့် အတွေးနယ်ချဲ့နေမိသည်။ ထိုအခိုက်…

"ငှက်ပျောကြော် တစ်မတ်ဖိုးပေးပါ၊ ကျွန်မ အိမ်ကို ထုပ်ယူသွားမယ်" ဟူသောအသံကို ကြားသဖြင့် မော့ကြည့်လိုက်ရာ သူ့မနီးမဝေးတွင် ရပ်လျက် အကြော်လှမ်းဝယ်နေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရသည်။

ငှက်ပျောကြော်တို့မှာ ဖိုမှမကျသေးသဖြင့် အကြော်သည် မိန်းမကြီးက "ခဏထိုင်စောင့်ပါလားကွယ်…၊ အခုပဲ ရပါလိမ့်မယ်" ဟု ပြောလိုက်သည်။ မိန်းမပျိုလည်း ကိုထွန်းမြတ်အနီးရှိ ဖင်ထိုင်ခုံကလေးတစ်ခုံကို ဆွဲယူ၍ ထိုင်လိုက်သည်။

ကိုထွန်းမြတ်သည် မိန်းမပျိုကို မသိမသာ အကဲခတ်ကြည့်မိသည်။ မိန်းမပျိုမှာ အသက် ၂၀ ကျော်ခန့်ရှိ၍ ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုပင်ဖြစ်သည်။ သူသည် နိုင်လွန်အင်္ကျီလက်ပြတ်နှင့် တွန့်ကြေ

mgyoe.com

mgyoe.com



လျက်ရှိသော ပိုးတွန့်လုံချည် ဖက်ဖူးရောင်ကို ဝတ်ထားသည်။ သူ့နိုင်လွန်အင်္ကျီမှာ လွန်စွာပါးလှပ်ရာ အတွင်းခံဘော်လီအင်္ကျီ ညစ်ထေးထေးကို အတိုင်းသားမြင်နေရသည်။ သူသည် နှုတ်ခမ်းနီဆိုးထားသော်လည်း ဆေးမှာ စိုပြည်၍မနေ၊ အရောင်ဖျော့တော့လျက် ရှိသည်။

သူသည် အတွင်းချွေးခံအိတ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူသည်။ ကိုထွန်းမြတ်သည် လှမ်းကြည့်လိုက်သောအခါ သူ့လက်ထဲတွင် တစ်ဆယ်တန်နှစ်ရွက်နှင့် တစ်ကျပ်တန် သုံးလေးရွက်ပါလာသည်ကို တွေ့ရသည်။ ထိုငွေများအနက်မှ တစ်ကျပ်တန်တစ်ရွက်ကို နုတ်ယူထားပြီးလျှင် သူသည် ကျန်ငွေများကို အိတ်တွင်းသို့ ပြန်ထည့်ထားလိုက်သည်။

ထိုထွန်းမြတ်သည် သူ့ကိုကြည့်ပြီး သံသယဖြစ်မိသည်။ မိန်းမကောင်းဟုတ်မှာ မဟုတ်ပါဘူးဟုလည်း မှတ်ချက်ချမိသည်။ ဤသို့မှတ်ချက်ချမိသောအခါ အလိုလိုနှာခေါင်းရှုံ့မိသွားပြန်သည်။

မိန်းမပျိုကား ကိုထွန်းမြတ်ကို ဂရုမပြု။ ဒယ်ထဲရှိ အဝါရောင်ပြေးစပြုလာသော ငှက်ပျောကြော်များကိုသာ မျက်လုံးအစင်းသားနှင့် ငေးစိုက်ကြည့်နေသည်။ သူ့ကိုကြည့်ရသည်မှာ အိပ်ရေးမဝသဖြင့် အိပ်ချင်မူးတူးဖြစ်နေပုံရသည်။

ကိုထွန်းမြတ်သည် စားသောက်ပြီးသဖြင့် ပိုက်ဆံပေးကာ အကြော်ဆိုင်မှ ထွက်လာခဲ့သည်။ ထို့နောက် ဆက်လက်လျှောက်လာခဲ့သည်။ လတ်ဆတ်သော လေအေးသည် တညင်းညင်းတိုက်ခတ်လျက်ရှိသည်။ သူသည် အသက်ကိုဝအောင် ရှူရှိုက်ရင်း ဖျတ်လတ်ပေါ့ပါးစွာ လျှောက်လာခဲ့သည်။

သူသည် ကနေဒီလမ်းထောင့်သို့ ရောက်လာ၍ ကန်တော်ကြီးအတွင်းဘက်လမ်းကလေးသို့ ချိုးဝင်လိုက်သည်တွင် ကန်ဘောင်တစ်နေ

mgyoe.com

mgyoe.com



ရာ၌ လူစုစုကိုသွား၍ တွေ့သည်။ သူသည် ထိတ်ခနဲဖြစ်သွားသည်။ ရေနစ်၍လော၊ အသတ်ခံရ၍လော၊ အလုခံရ၍လောဟု အမျိုးမျိုးတွေး တောကာ သိလိုဇောဖြင့် အလျင်အမြန်လျှောက်သွားသည်။ အနီးသို့ ရောက်သောအခါ၌ကား ဆိုက်ကားသမားကြီးတစ်ဦးသည် အဝတ်ဖြူကလေးနှင့် ထွေးထားသော မွေးခါစကလေးငယ်လေးကို ပိုက်ထွေးထားလျက် သူ့အား လူ ၄–၅ ဆယ်ယောက်ခန့်က ဝိုင်းကြည့်နေသည်ကို တွေ့ရသည်။ အကျိုးအကြောင်းသိလိုသဖြင့် ကိုထွန်းမြတ်သည် အနီးရှိ လူရွယ်တစ်ဦးကို မေးကြည့်ရာ...

"တခြားမဟုတ်ပါဘူးခင်ဗျာ၊ ဟောဒီက ဆိုက်ကားဆရာကြီးက ခြေလက်ဆေးမယ်ဆိုပြီး ကန်စပ်အဆင်းမှာ ဟောဟိုက သစ်ပင်ရင်းမှာ အဝတ်ဖြူထုပ်ကလေးတစ်ခုကို သွားတွေ့တယ်။ ဒါနဲ့ ဘာများပါလိမ့် ဆိုပြီး သူသွားကြည့်တော့ ဟောဒီကလေးလေးကို တွေ့ရတာပဲ၊ ကလေးက မွေးခါစ အရှင်ကလေး၊ မကြာသေးခင်က ပစ်ထားခဲ့တာဖြစ်မှာပဲ..." ဟု လူရွယ်က ပြောပြသည်။

"သြော် ဖြစ်မှ ဖြစ်ရလေဗျာ" ဟု ကိုထွန်းမြတ် ဆိုလိုက်သည်။

"အတော်ရက်စက်တဲ့ အမေပဲဗျာ၊ ကိုယ့်ရင်သွေးကို သူမို့ ဒီလို လုပ်ရက်တယ်..." ဟု လူရွယ်က မှတ်ချက်ချလိုက်သည်။

"အင်း... မဖုံးနိုင် မဖိနိုင်ဖြစ်လာတာနဲ့ ဒီလိုလုပ်လိုက်တာထင်တယ်၊ ဒီလိုဆို အစက ဘာကြောင့် ကမြင်းသေးသလဲရှင်" ဟု အနီးရှိ မိန်းမကြီးတစ်ယောက်ကလည်း ဆိုလိုက်သည်။ ဤတွင် အခြား ယောကျာ်းကြီးတစ်ယောက်က...

"ဒါကတော့ ကမ္ဘာမီးလောင် သားကောင်တောင် ချနင်းရသေး တယ်ဆိုတာ ရှိတယ်မဟုတ်လားဗျာ၊ ဘယ်သူကော ကိုယ့်ရင်သွေးကို ဒီလိုပစ်ထားချင်ပါ့မလဲ၊ မလွဲသာအားကြီးလို့ လုပ်ရတာဖြစ်မှာပေါ့" ဟု

mgyoe.com

mgyoe.com


ပြောရာ ယခင်မိန်းမကြီးက...

"အို... ဘာပဲဖြစ်ဖြစ်ရှင် အခုလိုလုပ်တာဟာ ရက်စက်လွန်းလှပါတယ်တော်" ဟု ပြန်ပြောလိုက်သည်။ ထိုအခိုက် ဆိုက်ကားသမားကြီးက...

"ကဲ... ကဲ... ဒီကလေးကို ဘယ်သူမွေးကြမလဲ...၊ ယောကျာ်းကလေးဗျ ချစ်စရာကလေး၊ ကျွန်တော်က မတတ်နိုင်လို့သာဗျာ... ကလေးက ခြောက်ယောက်တောင်ရှိနေတော့ ကျွန်တော့်ကလေးတွေနဲ့ ကျွန်တော်တောင် မနိုင် နိုင်အောင်ဖြစ်နေရတာ...၊ နို့မို့... ကျွန်တော်မွေးပါတယ်ဗျာ" ဟု ပြောလိုက်သည်။

ဤတွင် ကိုထွန်းမြတ်၏ရင်မှာ လှုပ်ရှားသွားသည်။ သူနှင့် မိမိရီတို့ ကလေးလိုချင်နေကြစဉ် ယခု အသင့်တွေ့နေလေပြီ။ ထိုကလေးကိုမွေးမည်ဆိုက သူတို့လည်း လိုအင်ဆန္ဒပြည့်ဝမည်။ ဒုက္ခရောက်နေရှာသော ကံဆိုးကလေးကိုလည်း ကယ်ဆယ်ရာ ရောက်မည်။ ဤသို့စိတ်ကူးမိသော်လည်း တစ်စုံတစ်ရာကို တွေးမိသောအခါ ကိုထွန်းမြတ်သည် ငြိမ်ကျသွား၏။ သူတို့ကလေးလိုချင်သည်မှာ သူတို့၏ရင်မှဖြစ်သောရင်သွေးအစစ်သာ ဖြစ်သည်။ အခြားကလေးကို ဒုက္ခခံ၍ကား မမွေးလို။ အထူးသဖြင့် ဤနိတာရဲကလေးကို မွေးမြူရမည့်တာဝန်မှာ မသေးလှ။ ထို့ပြင် သူ၏မိတ်ဆွေဆရာဝန်တစ်ဦးက "ဒီမယ်... ကိုထွန်းမြတ် အခုကလေးမရလို့ ဘာမှစိတ်မပျက်နဲ့ဗျ။ မျှော်လင့်ချက် မကုန်သေးပါဘူး။ တစ်နေ့နေ့မှာ ရလာနိုင်ပါတယ်" ဟု သူ့အား ပြောဖူးသည်။ ဤသို့ဆိုပါက အကယ်၍ ဤကလေးကို မွေးမြူအပြီးတွင် သူတို့ကလေးရလာသော် မခက်ပါလော။ ရာဇဝင်၌ပါသော ကျန်စစ်မင်းကြီးကဲ့သို့ မြေးကားအရင်း,သားကားအဖျားဖြစ်ချေပြီဟု ဆိုနေရသော် မခက်ပါလော။ ကလေးငယ်၏အဖြစ်မှာ သနားဖွယ်ကောင်းသော်လည်း သူသည်

mgyoe.com

mgyoe.com


လျစ်လျူရှုရပေတော့မည်။

လူစုထဲရှိ ခေတ်ဆန်ဆန် ဝတ်စားထားသော မိန်းမပျိုတစ်ယောက်ကမူ သူ့အနီးရှိ သားသားနားနား ဝတ်စားထားသည့် မိန်းမကြီးတစ်ယောက်အား "အန်တီ... ကလေးမွေးစားချင်တယ်ဆို၊ အတော်ပဲ မဟုတ်လား" ဟုပြောရာ မိန်းမကြီးက "အို... မဟုတ်တာအေ၊ ဘယ်သူ့ဘယ်ဝါ့ကလေးမှန်းမှ မသိဘဲ မမွေးချင်ပါဘူး။ တော်ကြာ မျိုးမကောင်း၊ ဆွေမကောင်းထဲက ဖြစ်နေရင် ခက်နေပါဦးမယ်အေ..." ဟု ပြန်ပြောသည်ကို ကိုထွန်းမြတ် ကောင်းစွာကြားရသည်။

"ကျုပ်က မွေးတော့မွေးချင်သားဗျာ... ကလေးက ပေါက်စ,ကလေးဆိုတော့ မွေးရမှာ သိပ်တာဝန်ကြီးမှာ၊ ဒီလောက်တော့ ဒုက္ခမခံနိုင်ဘူးဗျာ..." ဟု ရုပ်ရည်သန့်သန့်ပြန့်ပြန့်နှင့် လူကြီးတစ်ယောက်က အနီးရှိအဖော်တစ်ယောက်အား လှမ်းပြောသည်ကိုလည်း ကြားရသည်။

အခြားသူတို့လည်း တစ်ယောက်တစ်ပေါက်နှင့် အမျိုးမျိုးပြောနေကြသည်။ သို့သော် မည်သူမျှ ကလေးကို တာဝန်ယူ၍ မွေးမည့်သူမပေါ်၊ တစ်ယောက်ကမူ "မွေးမဲ့သူမရှိလည်း ဂါတ်သွားပို့ပါလားဗျာ။ သူတို့ကြည့်စီစဉ်ကြမှာပေါ့" ဟု အကြံပေးသည်။ ထိုအခိုက်...

"ပေး... ပေး... ဦးလေး ကိုဘိုးမြိုင် ကျွန်မကို ကလေးပေး၊ ကျွန်မမွေးမယ်" ဟူ၍ ပြောပြောဆိုဆိုနှင့် မိန်းမပျိုတစ်ယောက်သည် လူကြားထဲမှ တိုးကာ ဆိုက်ကားသမားကြီးထံ တိုးကပ်သွားသည်။ ကိုထွန်းမြတ်သည် ထိုမိန်းမပျိုကို တွေ့သောအခါ များစွာအံ့သြသွားသည်။ သူကားအခြားသူမဟုတ်၊ အကြော်ဆိုင်တွင် ကိုထွန်းမြတ် တွေ့ခဲ့သော မိန်းမပျိုပင် ဖြစ်လေသည်။

"ဟဲ့... အေးမေ၊ နင်မွေးနိုင်ပါ့မလား" ဟု ဆိုက်ကားသမားကြီးက လှမ်းမေးသည်။

mgyoe.com

mgyoe.com


"အို... ဘာလို့မမွေးနိုင်ရမှာလဲ မွေးနိုင်ပါတယ်။ပေး... ပေး... ကလေးလည်း နို့ဆာလှရောပေါ့" ဟု ပြောပြောဆိုဆိုနှင့် မိန်းမပျိုသည် ကလေးကို ယူရန် လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။ ဆိုက်ကား သမားကြီးလည်း မိန်းမပျို၏လက်တွင်းသို့ ကလေးကို လှမ်းပေးရာမှ

"အေးမေ...၊ ငါဆိုက်ကားနဲ့ လိုက်ပို့ပေးရမလား"

"မလိုပါဘူး... ဦးလေးကိုဘိုးမြိုင်ရယ်... အနီးလေးဟာပဲ၊ ဦးလေး ကိုဘိုးမြိုင် လုပ်စရာရှိတာသာ လုပ်ပါ"

မိန်းမပျိုသည် ကလေးငယ်ကို ရင်ခွင်၌ ယုယစွာ ပိုက်ပြီးလျှင် ထွက်ခွာသွားလေသည်။ အနီးရှိလူများလည်း သူ့ကို ခဏကြာမျှ စိုက်ကြည့်ကာ အသီးသီးထွက်ခွာသွားကြလေသည်။ ဆိုက်ကားသမားကြီး လည်း စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ကန်စပ်သို့ဆင်းလျက် ခြေဆေးနေ၏။ ကိုထွန်းမြတ်သည် ဆိုက်ကား သမားကြီးထံပါးသို့ လျှောက်၍သွားကာ...

"ဒီမယ် ဦးလေး၊ ဦးလေးနဲ့ ခုနက မိန်းကလေးနဲ့ အမျိုးတော် သလား..."

"ဘာမှ မတော်ပါဘူးကွယ်... အိမ်နီးနားချင်းပါ..."

"ဩော်... ဩော်... အိမ်နီးချင်းကိုး၊ ဒါနဲ့ ကလေးကို မွေးမယ် ဆိုတာ သူက ချောင်ချောင်လည်လည်မို့လား"

"တကယ်တော့ မချောင်လည်ပါဘူး တူရာ...၊ ကျုပ်တူမို့ ပြောရ ဦးမယ်။ သူက မိန်းမကောင်း မဟုတ်ဘူး၊ ဖာသည်မကလေး တူရဲ့၊ ဒါပေမဲ့ စိတ်ကောင်းတော့ရှိရှာပါတယ်။ အမေအိုကြီးတစ်ယောက်တည်း ရှိတာ သူပဲရှာကျွေးနေတာပဲ"

ထိုစကားကိုကြားရသောအခါ ကိုထွန်းမြတ်သည် များစွာ အံ့ဩ ခြင်း မဖြစ်တော့ချေ။ သို့သော် မိန်းမပျိုအပေါ် စောစောက အထင်သေး

mgyoe.com